FNILife
Assuring Peace of Mind, the Essence of Life

FIRST NATIONAL INSURANCE (LIFE) CO., LTD

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

# ကျန်းမာရေးအာမခံစည်းကမ်းချက်များ

**အကျိုးခံစားခွင့်များ**

**အာမခံစတင်သည့်နေ့နှင့်နောက်ပိုင်းတွင်ဖြစ်သည့် အခြေခံအာမခံအကာအကွယ်အတွက် အကျိုးခံစားခွင့်**

၁။ ရောဂါကြောင့် (သို့မဟုတ်) မတော်တဆမှုကြောင့် ဆေးရုံတက်ခြင်းအတွက် ဆေးရုံတက်ရက် (၁) ရက်လျှင် (၁၀,၀၀၀/-) ကျပ် (အများဆုံး ရက်ပေါင်း (၆၀) ထိသာ) (မမျှော်လင့်ထားသော မတော်တဆထိခိုက်မှုကြောင့်ဖြစ်သည့် ထိခိုက်ဒဏ်ရာကို ကုသရန် ရည်ရွယ်ချက်ဖြင့် ဆေးရုံတက်ခြင်းမှအပဖြစ်သော ဆေးရုံတက်ခြင်းဖြစ်ပါက ၎င်းဆေးရုံတက်ရက်ပေါင်းသည် ၄ ရက်နှင့်အထက်ဖြစ်ခြင်း)

၂။ သေဆုံးခြင်းအတွက် (၁,၀၀၀,၀၀၀/-) ကျပ်

**အာမခံစတင်သည့်နေ့နှင့်နောက်ပိုင်းတွင်ဖြစ်သည့် ရွေးချယ်နိုင်သောအာမခံအကာအကွယ် (၁) အတွက် အကျိုးခံစားခွင့်**

၁။ ခွဲစိတ်ကုသခြင်းအတွက် ၁ ယူနစ်လျှင် အမှန်တကယ်တိုက်ရိုက်ကုန်ကျစရိတ် သို့သော် အနည်းဆုံး (၅၀၀,၀၀၀/-) ကျပ်

၂။ ကိုယ်ဝန်ပျက်ကျခြင်းအတွက် ဝယ်ယူထားသည့်ယူနစ်နှင့်မဆိုင်ဘဲ အများဆုံး (၃၀၀,၀၀၀/-) ကျပ်

၃။ ခွဲစိတ်ကုသခြင်းနှင့် ကိုယ်ဝန်ပျက်ကျခြင်း နှစ်ခုပေါင်းအတွက် ၁ ယူနစ်လျှင် (၅၀၀,၀၀၀/-) ကျပ်

**အာမခံစတင်သည့်နေ့နှင့်နောက်ပိုင်းတွင်ဖြစ်သည့် ရွေးချယ်နိုင်သောအာမခံအကာအကွယ် (၂) အတွက် အကျိုးခံစားခွင့်**

၁။ ဆေးရုံ/ဆေးခန်း (၁) ကြိမ်ပြခြင်းအတွက် (၂,၅၀၀/-) ကျပ် (၁ ယူနစ်လျှင် ၄ ကြိမ်သာ)

**အကျိုးခံစားခွင့်အကျုံးမဝင်သောအချက်များ**

၁။ ဆေးကုသမှုခံယူနေခြင်း၊ ဆေးကုသရန်ဆရာဝန်၏ ထောက်ခံချက်ကိုရရှိထားခြင်း၊ ရောဂါလက္ခဏာရှိပြီးသားဖြစ်နေခြင်း၊

၂။ သားဖွားခြင်း၊ ဗိုက်ခွဲမွေးခြင်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ခွဲစိတ်ကုသမှု၊ သို့သော် အာမခံထားပြီးနောက်ကိုယ်ဝန်နှင့် အာမခံထားချိန်တွင် ပုံမှန်ဖြစ်နေသော ကိုယ်ဝန်ကြောင့်ဖြစ်လာသည့် တွဲဖက်ရောဂါများ (ကိုယ်ဝန်ဆိပ်သင့်ခြင်း၊ ကိုယ်ဝန်ဆောင်သွေးတိုးရောဂါ၊ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါစသည်တို့) ကြောင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်းသည် အကျိုးခံစားခွင့် ပေးချေရန် အကျုံးဝင်သည်။ ထို့အပြင် ကိုယ်ဝန်ပျက်ကျခြင်းသည် ရွေးချယ်နိုင်သည့် အာမခံအကာအကွယ် (၁) ကို ဝယ်ယူထားပါက အကျိုးခံစားခွင့် ပေးချေရန် အကျုံးဝင်သည်။

၃။ စိတ်ပေါ့သွပ်ခြင်း၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း၊

၄။ ကျန်းမာရေးဆေးစစ်ရန်နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း၊

၅။ သားသမီးရလိုမှုဖြင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်း၊

၆။ မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သော သွားနှင့်ပတ်သက်သည့် ကုသမှုအတွက်ဖြစ်ခြင်း၊

၇။ မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သော မျက်မှန်အပါအဝင် မျက်စိစမ်းသပ်ခြင်း၊ အမြင်သွေဖယ်ခြင်း၊ မျက်စိကုသခြင်း၊ အမြင်အာရုံကောင်းမွန်လာအောင် ပြုပြင်ရန်ဖြစ်ခြင်း၊

၈။ အလှအပအတွက်ဖြစ်ခြင်း၊

၉။ နားကြားကိရိယာ တပ်ဆင်ရန်အတွက်ဖြစ်ခြင်း၊

၁၀။ ကိုယ်ခန္ဓာချို့ယွင်းခြင်း (သို့မဟုတ်) မသန်စွမ်းခြင်း၊

၁၁။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊

၁၂။ ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း၊

၁၃။ AIDS/HIV ဖြစ်ခြင်း၊

**Address**
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

**Tel** : 01-570521, 01-570998
**Call Center** : 01-9010900
**Fax** : 01-570298
**E-mail** : customerservices@fnilife.com

၁၄။ အကြမ်းဖက် ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့် စစ်အသွင် ဖြစ်ပွားခြင်း (စစ်ပြုခြင်းများ၊ စစ်ပွဲကဲ့သို့ တိုက်ခိုက်ခြင်း၊ စစ်တပ် (သို့မဟုတ်) အာဏာသိမ်းခြင်းနှင့် ဖော်ပြပါ အဖြစ်အပျက်တစ်ခုခု၏ တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သော အကျိုးသက်ရောက်မှု တစ်ရပ်ရပ်ကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်းကောင်း၊ ဝေးလံစွာသော် လည်းကောင်း ဖြစ်ပေါ်စေသော၊ အားပေးသော၊ အခြေခံသော၊ ပေါ်ပေါက်သော မည်သည့်မတော်တဆ ဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း)၊

၁၅။ ရောဂါကြောင့် ဆေးရုံတက်ရက်ပေါင်းသည် ၃ ရက်နှင့်အောက်ဖြစ်သော ဆေးကုသမှုများ၊

၁၆။ လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ၊

၁၇။ မိမိကိုယ်ကို သတ်သေခြင်း (သို့မဟုတ်) မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်အောင် ပြုလုပ်ခြင်း၊

**စည်းကမ်းချက်များ**

၁။ အာမခံထားသူကိုယ်တိုင်က ကျန်းမာရေးအာမခံအဆိုလွှာပါ ဖော်ပြချက်များတွင် ပေါ့ဆစွာဖော်ပြခြင်း၊ မှားယွင်းစွာဖော်ပြခြင်း၊ တမင်ရည်ရွယ်ချက်ဖြင့် လွဲမှားစွာဖော်ပြခြင်း၊ ထိန်ချန်ခြင်း၊ လိမ်လည်ခြင်းစသည့် မမှန်မကန်ဖော်ပြခြင်းများရှိပါက အကျိုးခံစားခွင့် များ ဆုံးရှုံးမည်။

၂။ ပရီမီယံပေးသွင်းသည့်အချိန်မှစ၍ အာမခံသက်တမ်းစပြီး၊ သက်တမ်း (၁) နှစ် ပြည့်မြောက်သည့်နေ့၏ ည (၁၂) နာရီတွင် သက်တမ်း ကုန်ဆုံးမည်။

၃။ အာမခံထားသူက အာမခံစာချုပ်ရပ်စဲပါက ပရီမီယံအမ်းငွေ ခံစားခွင့်မရှိပါ။ အာမခံလက်ခံသူက ရပ်စဲလျှင် ကျန်ကာလအတွက် ရက်တွက်နှုန်းဖြင့် ပရီမီယံ ပြန်အမ်းမည်။

၄။ ပထမအကြိမ် ပရီမီယံပေးသွင်းပြီးနောက် ကျန်ကာလများအတွက် ပရီမီယံပေးသွင်းမှုစနစ်အရ ပေးသွင်းရမည့် သတ်မှတ်ရက်၏ နောက်တစ်နေ့မှ (၁၅) ရက်အတွင်း ပေးသွင်းရမည်ဖြစ်ပြီး၊ လျော်ကြေးဖြစ်ပွားပါက အကျိုးခံစားခွင့်ပေးမည့်ငွေထဲမှ စောင့်ဆိုင်း ကာလအတွင်း မပေးချေရသေးသည့် ပရီမီယံကို ခုနှိမ်ပေးလျော်မည်။

၅။ စောင့်ဆိုင်းကာလကို ကျော်လွန်သွားပါက အာမခံစာချုပ်သည် စောင့်ဆိုင်းကာလပြည့်သည့်နေ့၏ နောက်တစ်နေ့မှစပြီး အကျိုး သက်ရောက်မှု ပျက်ပြယ်မည်ဖြစ်သည်။

၆။ သက်တမ်းဆက် အာမခံစာချုပ်များအတွက် အာမခံသက်တမ်း ပြန်စသည့် ကြားကာလတွင် ပရီမီယံပေးသွင်းရန် စောင့်ဆိုင်းကာလ မရှိပါ။

၇။ အာမခံထားသူအနေဖြင့် ဆေးရုံတက်ရောက်ကုသမှုခံရပါက ဤကုမ္ပဏီသို့ ကြိုတင်အကြောင်းကြားရန်ဖြစ်ပြီး၊ ဆေးရုံမှ ဆင်းသည့် နေ့မှစ၍ အလုပ်လုပ်ရက် (၁၀) ရက်အတွင်း ဆေးကုသမှုမှတ်တမ်းနှင့်တကွ အကျိုးခံစားခွင့် တောင်းခံရမည်။

၈။ အကျိုးခံစားခွင့်တောင်းခံခြင်းအတွက် ဤကုမ္ပဏီမှ ထပ်မံတောင်းခံသော လိုအပ်ချက်များကို အကျိုးခံစားခွင့်တောင်းခံသူမှ (၃) လ အတွင်း တင်ပြနိုင်ခြင်းမရှိပါက အကျိုးခံစားခွင့် ဆုံးရှုံးမည်။

၉။ အာမခံထားရှိပြီး (၁) လအတွင်း ဆေးရုံတက်စရိတ်တောင်းခံလာသော ဖြစ်ရပ်များအတွက် တင်ပြသောရောဂါများကို ဤကုမ္ပဏီ၏ ကျွမ်းကျင်သူများမှ ထပ်မံစိစစ်မည်ဖြစ်သည်။

၁၀။ ကျန်းမာရေးအာမခံသည် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူရခြင်းအတွက် အာမခံအကာအကွယ်ပေးခြင်းသာဖြစ်၍ အာမခံ ထားသူဆန္ဒအရ ဆေးစစ်ရန် ဆေးရုံတက်ခြင်းအတွက် အကျုံးမဝင်ပါ။

၁၁။ ဆေးရုံ/ဆေးခန်းပြသခြင်း အကျိုးခံစားခွင့်အနေဖြင့် ဤကုမ္ပဏီမှ သတ်မှတ်ထားသည့် ဆရာဝန်၏ ဆေးစစ်ချက်ထောက်ခံစာ (သို့မဟုတ်) ဆေးကုသမှုမှတ်တမ်းစာအုပ်ဖြင့် ဆေးရုံ/ဆေးခန်းပြသထားခြင်း ရှိ/မရှိကို အတည်ပြုနိုင်ရန် လိုအပ်ပါသည်။

FNILife
Assuring Peace of Mind, the Essence of Life
FIRST NATIONAL INSURANCE (LIFE) CO., LTD
Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

# လျော်ကြေးပေါ်ပေါက်ပါက

**သေဆုံးလျှင်**

၁။ သေဆုံးကြောင်း အကြောင်းကြားစာ
၂။ အာမခံစာချုပ်မူရင်း
၃။ သေဆုံးအကျိုးခံစားခွင့်တောင်းခံလွှာ (FNIL မှ ထုတ်ပေးမည်)
၄။ သေစာရင်းမိတ္တူ (Death Certificate)

**ထာဝစဉ်မသန်စွမ်းဖြစ်လျှင်**

၁။ ထာဝစဉ်မသန်စွမ်းဖြစ်ကြောင်း အကြောင်းကြားစာ
၂။ အာမခံစာချုပ်မူရင်း
၃။ ကုသသည့်ဆရာဝန်၏ထောက်ခံချက်
၄။ ဆေးကုသမှုခံယူသည့် ဆေးခန်းမှတ်တမ်းစာအုပ် (ဆေးရုံစည်းတံဆိပ်ဝိုင်း, ကုသသည့်ဆရာဝန်၏ ရာထူးတံဆိပ်နှင့် လက်မှတ်များ ပါရမည်)
၅။ အကျိုးခံစားခွင့်တောင်းခံလွှာ (FNIL မှ ထုတ်ပေးမည်)

**ဒါဏ်ရာရလျှင်**

၁။ ဒါဏ်ရာရရှိကြောင်း အကြောင်းကြားစာ
၂။ ကုသသော ဆရာဝန်ဆေးစစ်ချက် ဆေးကုသမှုမှတ်တမ်းစာအုပ်မိတ္တူ (ဆေးရုံစည်းတံဆိပ်ဝိုင်း, ကုသသည့်ဆရာဝန်၏ ရာထူးတံဆိပ်နှင့် လက်မှတ်များ ပါရမည်)
၃။ ဒါဏ်ရာမှတ်တမ်းဓါတ်ပုံများ + လူနာနှင့်ဒါဏ်ရာတွဲဓါတ်ပုံ

**ဆေးရုံတက်လျှင်**

၁။ လျော်ကြေးတောင်းခံခြင်း အကြောင်းကြားစာ
၂။ ဆေးရုံတက်ရမည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားရန် (ဖုန်းဖြင့်လည်း အကြောင်းကြားနိုင်ပါသည်။)
၃။ ဆေးရုံ တက်/ဆင်း မှတ်တမ်း (Discharge Certificate) (ဆေးရုံစည်းတံဆိပ်ဝိုင်း, ကုသသည့်ဆရာဝန်၏ ရာထူးတံဆိပ် နှင့် လက်မှတ်များ ပါရမည်)
၄။ ဆေးကုသမှုခံယူသည့် ဆေးခန်းမှတ်တမ်းစာအုပ် (ဆေးရုံစည်းတံဆိပ်ဝိုင်း, ကုသသည့်ဆရာဝန်၏ ရာထူးတံဆိပ်နှင့် လက်မှတ်များ ပါရမည်)
၅။ အကျိုးခံစားခွင့်တောင်းခံလွှာ (FNIL မှ ထုတ်ပေးမည်)

**ဆေးခန်းပြလျှင်**

၁။ လျော်ကြေးတောင်းခံခြင်း အကြောင်းကြားစာ
၂။ အကျိုးခံစားခွင့်တောင်းခံလွှာ (FNIL မှ ထုတ်ပေးမည်)
၃။ ဆေးကုသမှုခံယူသည့် ဆေးခန်းမှတ်တမ်းစာအုပ် (ဆေးရုံစည်းတံဆိပ်ဝိုင်း, ကုသသည့်ဆရာဝန်၏ ရာထူးတံဆိပ်နှင့် လက်မှတ်များ ပါရမည်)

**ကိုယ်ဝန်ပျက်ကျခြင်းနှင့် ခွဲစိတ်ကုသမှုခံယူခြင်း**

၁။ လျော်ကြေးတောင်းခံခြင်း အကြောင်းကြားစာ
၂။ အကျိုးခံစားခွင့်တောင်းခံလွှာ (FNIL မှ ထုတ်ပေးမည်)
၃။ ဆေးကုသမှုခံယူသည့် ဆေးခန်းမှတ်တမ်းစာအုပ် (ဆေးရုံစည်းတံဆိပ်ဝိုင်း, ကုသသည့်ဆရာဝန်၏ ရာထူးတံဆိပ်နှင့် လက်မှတ်များ ပါရမည်)
၄။ ကုန်ကျစရိတ် ပြေစာများ (မိတ္တူ)